**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၁၆ /၂၀၂၅

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ခန့်အပ်တာဝန်ပေးထားသည့် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ခရိုင်တွင် ခရိုင်ဦးစီးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန နှင့် ခရိုင်ဥပဒေအရာရှိတို့ကို ဖြည့်စွက်၍လည်းကောင်း၊ မြို့နယ်တွင် မြို့နယ်ဦးစီးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေအရာရှိတို့ကို ဖြည့်စွက်၍လည်းကောင်း ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီများအဖြစ် ဆက်လက် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

အမျိုးသားကာကွယ်ရေးနှင့်

လုံခြုံရေးကောင်စီရုံး